အပိုင်း(ဃ)

## တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာပြစ်မှုပြစ်ဒဏ်များ

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် အဝေးသင် သင်တန်း ကျောင်းသား ကျောင်းသူများသည် တစ်ဖက်တွင် ဖော်ပြပါ ကျောင်းစည်းကမ်း ဖောက်ဖျက်မှုဆိုင်ရာ ပြစ်မှုများကို ကျူးလွန်ပါက ဖော်ပြပါ ပြစ်မှုပြစ်ဒဏ်ပြဇယားအတိုင်း လိုအပ်သလို အရေးယူ ဆောင်ရွက်မည်။

## ကျောင်းစည်းကမ်းဖောက်ဖျက်မှုဆိုင်ရာပြစ်မှုများ

| အမှတ်စဉ် | ပြစ်မှုများ | ပြစ်ဒဏ်များ | |
|---|---|---|---|
| | | ကျောင်းမှထုတ်ပယ်ခြင်း | ပြင်းထန်စွာသတိပေးခြင်း |
| ၁ | မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများကို သုံးစွဲခြင်း/ထားသိုခြင်း/ ရောင်းချခြင်း/ ဖြန့်ဖြူးခြင်း | ✔ | |
| ၂ | ပြစ်မှုဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရအရေးယူခံရခြင်း | ✔ | ✔ |
| ၃ | နိုင်ငံပိုင်နှင့်ကျောင်းပိုင် အဆောက်အအုံများ၊ ပစ္စည်းများ ဖျက်ဆီးခြင်း/ခိုးယူခြင်း/ အဓမ္မယူခြင်း | ✔ | |
| ၄ | ဆရာမများ၊ ကျောင်းသူများအား ကာယိန္ဒြေပျက်ပြားအောင် ပြောဆိုခြင်း/ပြုမူခြင်း/ လုပ်ဆောင်ခြင်း | ✔ | |
| ၅ | ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အခြားပုဂ္ဂိုလ်များအား ဆဲရေးတိုင်းထွာခြင်း/ကြိမ်းဝါးခြင်း/နှောင့်ယှက်ခြင်း | ✔ | |
| ၆ | ဆရာ၊ ဆရာမများက ဆိုဆုံးမသည်များကို မနာခံခြင်း | ✔ | ✔ |
| ၇ | ကျောင်းတွင်း၊ ကျောင်းပြင် လောင်းကစားမှု ကျူးလွန်ခြင်း | ✔ | ✔ |
| ၈ | စာသင်ခန်းအတွင်း/အပြင်၌သင်ကြားမှုကို အနှောင့်အယှက်ဖြစ်စေရန် ပြောဆိုခြင်း/ ပြုမူခြင်း/လုပ်ဆောင်ခြင်း | ✔ | ✔ |

| အမှတ်စဉ် | ဖြစ်မှုများ | ပြစ်ဒဏ်များ | |
|---|---|---|---|
| | | ကျောင်းမှ ထုတ်ပယ်ခြင်း | ပြင်းထန်စွာ သတိပေးခြင်း |
| ၉ | ကျောင်းတွင်း/ကျောင်းပြင် ခိုက်ရန်ဖြစ်ပွားခြင်း | ✔ | ✔ |
| ၁၀ | ကျောင်းတွင်း/ကျောင်းပြင် အရက်သေစာ သောက်စားမူးယစ်ခြင်း | ✔ | ✔ |
| ၁၁ | ကျောင်းမှ အခါအားလျော်စွာ ချမှတ်ထားသော ကျောင်းစည်းကမ်းများကို မလိုက်နာခြင်း | ✔ | ✔ |
| ၁၂ | တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်များ၏ ဂုဏ်သိက္ခာ ညှိုးနွမ်းထိခိုက်စေမည့်ကိစ္စရပ်များကို ပြောဆိုခြင်း/ပြုမူခြင်း/လုပ်ဆောင်ခြင်း | ✔ | ✔ |